# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 19, 2020 Volume 31, Number 11

**၁၉.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၃၆ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၈/- ကျပ် |
| CBM Rate | = ၁၄၁၀.၂ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၅.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၇.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၁၁.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၄.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၄၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကြောင့် ပြည်ပမှ ကားတင်သွင်းရန် လိုင်စင်လျှောက်ထားမှု စီးရေအနည်းငယ်သာရှိ



တကမ္ဘာလုံး ဖြစ်ပေါ်နေသည့် COVID-19 ကြောင့် ကားတင်သင်္ဘောများ မထွက်၍ ပြည်ပမှ ကားတင်သွင်းရန် လိုင်စင်လျှောက်ထားမှု မတ်လမှစတင်၍ နည်းပါးလာခဲ့ရာ ကား လိုင်စင်ပါမစ်လျှောက်ထားသည့်စီးရေ အနည်းငယ်သာရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မေ ၁၉ ရက်တွင် သိရသည်။

ယခင်လများက ပြည်ပနိုင်ငံမှကားတင်သွင်းရန်အတွက် လိုင်စင်ပါမစ်လျှောက်ထားမှု တစ်လလျှင် အစောင်ရေ ၈၀ မှ ရာဂဏန်းအထိ များပြားခဲ့သော်လည်း ကိုဗစ်စတင်ဖြစ်ပေါ်ချိန် မတ်လ၊ ဧပြီလနှင့် မေလများတွင် ကားတင်သွင်းခွင့် လိုင်စင်ပါမစ်လျှောက်ထားမှု လျော့နည်းလာခဲ့ပြီး တစ်လလျှင် ပါမစ်အစောင်ရေ ဆယ်ဂဏန်းဝန်းကျင်လောက်သာရှိနေသည်။ " နိုင်ငံတကာမှာဖြစ်ပွားနေတဲ့ ကိုဗစ်ကြောင့် ကားတင်သွင်းတဲ့ လိုင်စင်လျှောက်တာအရမ်းနည်းပါတယ်။ ကားတင်သွင်းတဲ့နေရာတွေမှာလည်း ကိုဗစ်ဖြစ်ပွားနေတာ မြင့်တက်နေတယ်ဆိုတော့ ကားသွင်းတာ သိပ်မရှိတော့တာပါ။"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက မေ ၁၉ ရက်တွင် မြန်မာတိုင်းမ်သို့ပြောဆိုသည်။

ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းပေါက်များဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ၊ မြဝတီကုန်သွယ်ရေးဇုန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းတို့မှတင်သွင်းရန် ၂၀၁၉ ခုနှစ်အတွင်းက ခွင့်ပြုထားသည့် မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်လိုင်စင်များအား ခွင့်ပြုထုတ်ပေးသည့်ရက်မှ ၃ လသက်တမ်းကုန်ဆုံးပါက ၂၀၂၀ ခုနှစ် မတ် ၃၁ ရက်အထိသာ သက်တမ်း တိုးမြှင့်ခွင့်ပြုခဲ့ပြီးနောက် ပထမအကြိမ်သက်တမ်း ၂ လ အပြည့် တိုးမြှင့်ခံစားခွင့်ပြုမည်ဖြစ်ကြောင်းသိရပြီး အဆိုပါကာလတွင် အပြီးတင်သွင်းကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးကြေညာခဲ့သည်။ "ကုန်သွယ်မှုတွေ အချိန်ကြန့်ကြာနေတာတွေရှိလို့ ၂၀၁၉ က ကားတင်သွင်းခွင့်ပြုထားတဲ့လိုင်စင်တွေ မတ် ၃၁ ရက်မှာ ကုန်ဆုံးမှာကို သက်တမ်း ၂ လအထိ ထပ်တိုးခွင့်ပြုပေးထားပါတယ်။ ၂၀၂၀ မတ် ၃၁ရက်မှာ သက်တမ်းကုန်မယ့် ကားလိုင်စင်

တွေ့ပါမှာပါ။ အခွန်သက်တမ်း ၂ လ တိုးပေးထားတဲ့ကာလမှာတော့ ကားတွေအပြီးတင်သွင်းရမှာပါ။"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။

ပြည်ပမှကားတင်သွင်းခြင်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်မှစတင်ကာ ဘယ်မောင်းကားများကိုသာ တင်သွင်းခွင့်ပြုရန် သတ်မှတ်ထားခဲ့ပြီးနောက်ပိုင်းတွင် ပြည်ပနိုင်ငံမှ မော်တော်ကားတင်သွင်းမှုနည်းပါးလာခဲ့သည့်အပြင် ဥရောပနိုင်ငံထုတ် ဘယ်မောင်းကားများကို တင်သွင်းဝယ်ယူကြရသည်။ ယင်းသို့ ဥရောပိုနိုင်ငံ လေလံဝက်ဘက်ဆိုက်မှ ကားများမှာယူမှုတွင် စတင်ဝယ်ယူချိန်မှစ၍ မြန်မာနိုင်ငံဆိပ်ကမ်းသို့ရောက်ရှိရန် အချိန် ၄ လနီးပါးကြာမြင့်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/139382.html

## PTTEP က လက်ရှိဖြစ်ပွားနေသည့် ရေနံဈေးနှုန်း အကျပ်အတည်းနှင့် COVID-19 စိန်ခေါ်မှုများကြောင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြင်ဆင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပထမ သုံးလပတ် ကာလအတွက် အသားတင် အမြတ်ငွေဒေါ်လာ ၂၇၅ သန်းရှိကြောင်း ထုတ်ပြန်

PTTEP က လက်ရှိဖြစ်ပွားနေသည့် ရေနံဈေးနှုန်းအကျပ်အတည်းနှင့် COVID-19 ၏ စိန်ခေါ်မှုများကြောင့် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းနှင့်အတူ ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်ကာလအတွက် အသားတင်အမြတ်ငွေ ဒေါ်လာ ၂၇၅ သန်းရှိကြောင်း ထုတ်ပြန်လိုက်သည်။ PTT ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး အများပိုင်ကုမ္ပဏီလီမိတက် (PTTEP) ၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်ဖြစ်သူ Mr. Phongsthorn Thavisin က ယခုနှစ် ပထမသုံးလပတ်ကာလအတွက် ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေမှာ ဒေါ်လာ ၁၇၇၁ သန်း (ကျပ် ၂၄၇၁ ဘီလျံခန့်) ရရှိခဲ့ရာ ထိုပမာဏသည် ၂၀၁၉ ခုနှစ်၏ နောက်ဆုံး သုံးလပတ်ကာလအတွက် စုစုပေါင်းဝင်ငွေ ဒေါ်လာ ၁၈၄၁ သန်း (ကျပ် ၂၅၆၈ ဘီလျံခန့်) အောက် လေးရာခိုင်နှုန်းလျော့ကျခဲ့ကြောင်းပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်၏ နောက်ဆုံးသုံးလပတ်တွင် တစ်ရက် ရေနံစည် (BOED) ရောင်းအား ၃၉၅၀၂၈ စည်နှင့် နှိုင်းယှဉ်ကြည့်သော် ယခုနှစ်တွင် တစ်ရက်လျှင် ပျမ်းမျှရေနံစည် (BOED) ၃၆၃၄၁၁ စည်သာ ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ အသားတင် အမြတ်ငွေ လျော့ကျမှုမှာ ထိုင်းနိုင်ငံပင်လယ်ကွေ့ရှိ စီမံကိန်းများမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းခဲ့ခြင်းကြောင့် ဖြစ်သည်။ PTTEP မြန်မာစီမံကိန်းသည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခု ဖြစ်သည်။ မိမိလုပ်ငန်း လည်ပတ်ဆောင်ရွက်ရာ နိုင်ငံများအတွက် ရေရှည်တည်တံ့သည့် ရေနံဓာတုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် အဓိကဦးတည်ဆောင်ရွက်နေသော ထိုင်းနိုင်ငံ ရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေးကုမ္ပဏီကြီး ဖြစ်သည့် PTT Expolration and Production Public Company Limited (PTTEP) ၏ လုပ်ငန်းခွဲကုမ္ပဏီ တစ်ခုဖြစ်သည်။ ထိုင်းနိုင်ငံ၏ Stock Exchange တွင် ထိပ်တန်းကုမ္ပဏီ ၁၀ ခုစာရင်းဝင်ဖြစ်ပြီး အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ရေနံရှာဖွေထုတ်လုပ်ရေး စီမံကိန်းများဆောင်ရွက်နေသည်။

COVID-19 ကာလအတွင်း ကမ္ဘာ့ရေနံဈေး အကျပ်အတည်းနှင့် ကြုံတွေ့ရသော်လည်း ၂၀၂၀ စီးပွားရေးစီမံကိန်းအတိုင်း ရှေ့ဆက်သွားမည် ဖြစ်ကြောင်း PTTEP ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Phongsthorn Thavisin က ပြောကြားသည်။

“ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ COVID-19 ကြောင့် မတ်လကတည်းက ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့ရေနံဈေး ကျဆင်းမှု ရာခိုင်နှုန်း ၆၀ ခန့်ဟာ ယခုနှစ်အတွက် လျာထားတဲ့ PTTEP ရဲ့ရောင်းအား ပမာဏအပေါ် သိသိသာသာ သက်ရောက်ရိုက်ခတ်မှု ရှိမှာမဟုတ်ပါဘူး။ ယခုနှစ်အတွက် ကြိုတင်ရည်မှန်းထားတဲ့ တစ်နေ့လျှင် ရေနံစည်ပေါင်း ၃၈၈၀၀၀ ပျမ်းမျှ ရောင်းအားမှာ ငါးရာခိုင်နှုန်း အောက်သာ လျော့နည်းနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ဆက်လက်ပြီး PTTEP ၏ ကုန်ထုတ်လုပ်မှုအများစုကို ကိုယ်စားပြုထားတဲ့ သဘာဝဓာတ်ငွေ့ရောင်းချမှုပမာဏကိုလည်း အရောင်းသဘောတူညီချက်စာချုပ်များအတိုင်း လုံလောက်စွာထုတ်လုပ်ရရှိပြီးဖြစ်ပါတယ်။ စုစုပေါင်းရောင်းအားရဲ့ ရာခိုင်နှုန်း ၃၀ ကို နေရာယူထားတဲ့ ရေနံစိမ်းရောင်းဈေးကတော့ ပြင်ပမှာ ဈေးနှုန်းမကျစေရေးအတွက် စီမံတာတွေလုပ်ဆောင်နေလည်းပဲ ရေနံဈေးကွက်မတည်ငြိမ်မှုတို့ကြောင့် တိုက်ရိုက်သက်ရောက်မှုရှိနေပါတယ်။ စီမံကိန်း တော်တော်များများအတွက် သဘာဝဓာတ်ငွေ့ဈေးနှုန်းများကို ရောင်းဝယ်ရေး သဘောတူညီချက်များအတိုင်းလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုရေနံဈေးကျဆင်းမှုဟာ ဆက်လက်ကြာရှည်

ဦးမယ်ဆိုရင် အနာဂတ်မှာ PTTEP အတွက် အကျိုးသက်ရောက်မှုကတော့ အတိုင်းအတာတစ်ခုအထိရှိလာမှာပါ”ဟု PTTEP ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် အမှုဆောင်အရာရှိချုပ် Mr. Phongsthorn Thavisin က ပြောကြားသည်။

မကြာသေးမီက မြန်မာနိုင်ငံရှိ ဇော်တိက ကမ်းလွန်စီမံကိန်း၏ 1A၊ 1B နှင့် 1C တို့၏ လုပ်ဆောင်ဆဲ အဆင့်တွေကို ပြန်လည်သုံးသပ်မှု ဆောင်ရွက်ခဲ့ရာတွင် စာချုပ်ပါကတိကဝတ်များအတိုင်း ခွင့်ပြုထားသည့် တိုးချဲ့ကာလအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့များအား လုံလောက်စွာ ထုတ်လုပ်နိုင်မည့် ရေနံသိုက်များတည်ရှိနေကြောင်း ဖော်ပြလျက်ရှိသည်။

**Source:** https://news-eleven.com/article/174355

## တရုတ်နယ်စပ်ကုန်သွယ်ရေး မန့်ဝိန်းဂိတ်(မူဆယ်)တွင် ကုန်တင်ယာဉ်များ တစ်ကြိမ်လျှင် နှစ်စီးဝင်ခွင့်ရ



တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် ပြည်တွင်းထွက်သီးနှံသယ်ဆောင်သည့် ကုန်တင်ယာဉ်များကို မန့်ဝိန်းဂိတ် (မူဆယ်)မှတစ်ဆင့် သွားလာခွင့်ပြုထားရာ တစ်ကြိမ်လျှင် တစ်စီးသာဝင်ခွင့်ပြုခဲ့ရာမှ မေ ၁၆ ရက်မှစတင်၍ တစ်ကြိမ်လျှင် နှစ်စီးဝင်ခွင့်ရရှိခဲ့သည်။ ထို့သို့ တစ်ကြိမ်လျှင်နှစ်စီး ဝင်ခွင့်ရရှိခဲ့သဖြင့် နယ်စပ်ကုန်သွယ်ရေးလျင်မြန်လာပြီး ဂိတ်ပေါက်တွင် ယာဉ်ကျပ်တည်းမှုလည်း လျော့နည်းသွားခဲ့သည်။ မန့်ဝိန်းဂိတ်ရှိ ကုန်တင်ကားကြီးဝင်ပေါက်မှ တစ်စီးချင်းဝင်ထွက်ရာမှ ကပ်လျက်ရှိသည့် သုံးဘီးယာဉ်များ ဝင်ထွက်ပေါက်သည် ခြောက်ဘီးကားတစ်စီးလွတ်ကင်းစွာဝင်ရောက်နိုင်သဖြင့် ယင်းအပေါက်မှလည်း ဝင်ခွင့်ရရှိရေးကို တရုတ်အာဏာပိုင်များနှင့် မေ ၁၅ ရက်က ညှိနှိုင်းအဆင်ပြေခဲ့သည်ဟု အမှတ် ၁၂၃ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မူဆယ်)မှ ဒုရဲမှူး ချစ်စိန်ကပြောသည်။ “ဝင်ပေါက် နှစ်ခုဖွင့်ပေးလိုက်တော့ တစ်ကြိမ်ကို ကုန်ကားနှစ်စီးသွင်းလို့ရသွားပြီ။ နှစ်တိုင်းဒီချိန်က ပွင့်လင်းရာသီလည်းဖြစ်တော့ ကားများတယ်။ ဒီနှစ်မှာ ကိုဗစ်ကြောင့် တရုတ်ဘက်က မူဝါဒအရ ယာဉ်မောင်းအစားထိုးနဲ့ ဝင်ခွင့်ပေးတာရယ်၊ ကားတွေဆေးဖျန်းတာရယ်နဲ့ အချိန်ပေးရလို့ ယာဉ်ပိတ်ဆို့မှုဖြစ်တယ်။ ခုချိန်မှာ ကုန်ကားပဲခွင့်ပြုတယ်။ ယာဉ်မောင်းတောင် မဝင်ရဘူး”ဟု ၎င်းကပြောသည်။

အဆိုပါဂိတ်ပေါက်၌ ယာဉ်မောင်းများကိုယ်တိုင် မောင်းဝင်ခွင့်ရချိန်ကပင် ယာဉ်အဝင်အထွက်ကျပ်တည်းမှုရှိပြီး ယာဉ်မောင်းအစားထိုးစနစ်အရ တရုတ်ဘက်သို့ မြန်မာယာဉ်မောင်းများမဝင်ရဘဲ ၎င်းတို့ယာဉ်မောင်းများဖြင့် မောင်းဝင်ရခြင်း ၊ ယာဉ်တစ်စီးလုံး ဆေးပက်ဖျန်းခြင်းတို့ကြောင့် အချိန်ကြာမြင့်မှုရှိရာ မြန်ဆန်စေရန် ဝင်ပေါက်လမ်းနှစ်ခု ခွင့်ပြုခြင်းဖြင့် တစ်ရက်လျှင် ယခင်ထက် နှစ်ဆဝင်ထွက်နိုင်ပြီဖြစ်သည်။ “အရင် ယာဉ်မောင်းတွေကိုယ်တိုင် မောင်းဝင်ရချိန်မှာတောင် ယာဉ်အဝင်အထွက် ကျပ်နေတာပါ။ ညှိနှိုင်းမှု အဆင်ပြေတော့ ဥပမာ–တစ်ခါဝင်လို့တစ်စီးကို ၁၀ မိနစ်ကြာရင် တစ်နာရီမှ ၆ စီးပဲဝင်နိုင်တယ်။အခုဆိုရင် သုံးဘီးဝင်ပေါက်ကနေ ခြောက်ဘီးဝင်ခွင့်ပြုလို့ တစ်ကြိမ်ကိုကားကြီးတစ်စီး၊ ခြောက်ဘီးကားတစ်စီး တစ်ပြိုင်နက်နှစ်စီးဝင်နိုင်ပြီဖြစ်လို့ အဝင်အထွက်သွက်သွားတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေး၌ ပုံမှန်အတိုင်းလည်ပတ်နေခြင်းကြောင့် တရုတ်ပို့ကုန် သီးနှံကုန်တင်ယာဉ်များသည် မူဆယ် ၁၀၅ မိုင်အဝင်၌ နေ့စဉ် ကုန်တင်ယာဉ်အစီးရေ ၅၀၀ ခန့်စောင့်ဆိုင်းရမှုများရှိနေသည်။ ထို့ကြောင့် မန့်ဝိန်းဂိတ်သွားမည့် ကုန်တင်ယာဉ်များနှင့် မူဆယ်/နမ့်ခမ်းသွားမည့် ကုန်တင်ယာဉ်များဟူ၍ ခွဲခြားပြီး တိုကင်စနစ်ဖြင့် အလှည့်ကျဖြစ်စေရန် ယာဉ်ထိန်းရဲတပ်ဖွဲ့(မူဆယ်)မှ ဆောင်ရွက်ပေးလျက်ရှိသည်။ “ခုလို ညှိနှိုင်းပေးလို့ နှစ်စီးဝင်လို့ရပြီဆိုတဲ့ အခွင့်အရေးကို လက်မလွတ်ရအောင် တည်မြဲအောင် ကားသမားတွေစည်းကမ်းရှိမယ်ဆိုရင် ယာဉ်ကြော ပိတ်တာမရှိတော့ ဘူး။ ကုန်ကားတန်းကို အနှောက်အယှက်မဖြစ်စေသလို ထွက်ပေါက်ပိတ်အောင်လည်း မလုပ်ကြဖို့ပါ”ဟု မူဆယ်–မန္တလေး ၁၂ ဘီးကားမောင်းသူ ကိုအေးချမ်းက သုံးသပ်ပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139341.html

## မကွေးတိုင်း ကျေးရွာတချို့ နွားစာရှားပါးနေမှုကြောင့် ထန်းသီးများကျွေးနေရ



မကွေးတိုင်းဒေသကြီး၌ ယခုလပိုင်းအတွင်း နေ့အပူချိန်များ မြင့်တက်နေခြင်းကြောင့် နွားစာရှားပါးမှုများကြုံတွေ့နေရပြီး ထန်းသီးများခုတ်ထွင်ကာ ကျွေးမွေးနေရကြောင်းသိရသည်။ ယခုနှစ်တွင် မိုးရွာသွန်းမှုနောက်ကျကာ နေ့အပူချိန်များမြင့်တက်နေသဖြင့် မကွေးတိုင်းအတွင်းရှိ ဒေသအများစုတွင် နွားစာရှားပါးမှုများကြုံတွေ့နေကြကြောင်းသိရသည်။ "ဒီနှစ်ပိုင်းရာသီဥတုက နေ့အပူချိန်တွေမြင့်တက် ကာ မိုးကလည်းမရွာသေးတော့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေလည်း နောက်ကျနေပါပြီ။ လယ်ယာလုပ်ငန်းတွေကို နွားနဲ့တွဲပြီးလုပ်နေကျတာ ဆိုတော့ ခုကာလမှာ နွားစာရှားပါးလာတာကလည်း ဒုက္ခတစ်ခုပါ။ ခုလိုအချိန် နွားစာရရှိဖို့ ရွာနဲ့ လေးမိုင်၊ ငါးမိုင်လောက်အထိသွားပြီး အစာရှာကျွေးနေရတယ်။ လူစာထက် နွားစာက အရေးကြီးနေတော့ ရွာဝန်းကျင် ထန်းတောက ထန်းသီးတွေကိုလည်း ခုတ်ကာကျွေးနေရတယ်"ဟု မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာနေတောင်သူ ကိုပျိုချစ်ကပြောသည်။ နွားစာခက်ခဲနေခြင်းကြောင့် ထန်းသီးများကို ခုတ်ကျွေးနေရသကဲ့သို့ ပင့်ကန်ရွက်၊ နဘူးရွက်၊ ကုက္ကိုရွက်များကိုလည်း ခူးကျွေးနေရကြောင်းသိရသည်။

ယခုနှစ်ပိုင်းတွင် မြန်မာပြည်အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်မြင့်မားကာ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် သောက်သုံးရေရှားပါးခြင်းများ ကြုံတွေ့နေကြရပြီး လယ်ယာလုပ်ငန်းများပါ နောက်ကျနေ၍ နွားစာဖြစ်သော ကောက်ရိုး၊ မြက်ခြောက်တို့ပင် ရှားပါး၍ နီးစပ်ရာအသီးအရွက်တို့ကိုရှာဖွေကာ ကျွေးမွေးနေရခြင်းဖြစ်သည်။ "ကျွန်မတို့ဒေသက နွားတွေဟာ အစာရေစာကို ဝလင်အောင်မစားရကြပါဘူး။ မိုးကာလမှာ နွားစာကို တစ်နှစ်စာ နံ့စားပြောင်းတွေစိုက်ပေမယ့် မလုံလောက်တော့ ရွာနားဝန်းကျင်ရှိ အရွက်တွေ၊ ထန်းသီးတွေရှာပြီး ခုတ်ကျွေးနေရတယ်။ နောက် ခုလိုအချိန်ဆို ရွာမှာ ရေရှားနေတဲ့အတွက် လူသုံးပြီးရေကို နွားရေတိုက်ဖို့ ပြန်ပြီးသုံးနေရတယ်"ဟု မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာနေ တောင်သူ ဒေါ်အေးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139380.html

## မတ်ပဲနှင့်ပဲစင်းငုံ ဈေးနှုန်းများကျဆင်း



ပြည်ပဝယ်လက်များက ပဲမျိုးစုံဝယ်ယူမှုလျော့ကျနေသည့်အတွက် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ ကျဆင်းလာကြောင်း ဘုရင့်နောင် ပဲဈေးကွက်အတွင်းမှသိရသည်။ မတ်ပဲဈေးနှုန်းသည် ပြီးခဲ့သည့်မေလ ပထမပတ်အတွင်းကထက် တစ်တန်လျှင် ကျပ်သုံးသောင်းကျော်နှင့် ပဲစင်းငုံဈေးနှုန်းမှာ တစ်တန်လျှင် ကျပ်တစ်သောင်းခွဲခန့် ကျဆင်းသွားကြောင်း ယင်းဈေးကွက်အတွင်းမှသိရသည်။ “သင်္ကြန်ပြန်ဖွင့်တဲ့ အချိန်မှာ မတ်ပဲက ၁၀ သိန်းလောက်အထိဖြစ်တယ်။ ပဲစင်းငုံက ရှစ်သိန်းလောက်အထိဖြစ်တယ်။ ဒီရက်ပိုင်းမှာပြန်ကြည့်ရင်တော့ နည်းနည်းလေး ပြန်အေးလာတာပေါ့” ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

မတ်ပဲနှင့် ပဲစင်းငုံအဓိကတင်ပို့နေသည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ် ၁၉ ရောဂါဖြစ်ပွားသူဦးရေများပြားနေ၍ ယင်းနိုင်ငံမှ ကုန်သည်များက အရောင်းအဝယ်ပြုလုပ်မှုနည်းပါးခြင်းကြောင့် အရောင်းအဝယ် အနည်းငယ်အေးနေခြင်းဖြစ်ပြီး ဇွန်လအတွင်း အရောင်းအဝယ်ပြန်လည် ကောင်းမွန်လာနိုင်ကြောင်း ပဲကုန်သည်များက သုံးသပ်ပြောကြားသည်။ လက်ရှိ မတ်ပဲ(FAQ) တစ်တန်လျှင် ၉၆,၅၀၀ ခန့်၊ မတ်ပဲ(SQ)တစ်တန်လျှင် ကျပ် ၁,၀၄၅,၀၀၀ ခန့်နှင့် ပဲစင်းငုံ(နီ)တစ်တန်လျှင် ကျပ် ၇၆၅,၀၀၀

ဈေးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်အတွင်းမှသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေများကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဧပြီလ ၁၀ ရက်နေ့တွင် ပိတ်ထားခဲ့ပြီး ဧပြီလ ၂၀ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဘဏ်ဖွင့်/ပိတ်ချိန်ကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီသို့ ဧပြီလကုန်ပိုင်းက ပြောင်းလဲခဲ့ရာ ဘုရင့်နောင်ကုန်စည်ဒိုင်ဖွင့်/ပိတ်ချိန်ကိုလည်း ဧပြီ ၂၅ ရက်က နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က မေ ၁၂ ရက်တွင် ဘဏ်ဖွင့်/ပိတ်ချိန်များကို ပုံမှန်အတိုင်း နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၃ နာရီသို့ ပြန်လည်သတ်မှတ်လိုက်ရာ ဘုရင့်နောင်ကုန်စည်ဒိုင်ဖွင့်ပိတ်ချိန်ကိုလည်း နံနက် ၁၁ နာရီသို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139391.html

## အီးယူအဖွဲ့ဝင်နိုင်ငံများက ချုပ်ထည်အမှာအတွက် စုံစမ်းမှုများ စတင်လာဟုဆို



COVID-19 ရောဂါကြောင့် တားမြစ်ထားသောအသွားအလာ ကန့်သတ်မှု (Lockdown) များ ဖြေလျှော့လိုက်သောကြောင့် ဥရောပ သမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများက ချုပ်ထည်အမှာပေးရန် စုံစမ်းမှုများ စတင် လုပ်ဆောင်လာကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌဦးမြင့်စိုးကပြောသည်။ COVID-19 ရောဂါဖြစ်ပွားပြီး နှစ်လခန့် အကြာတွင် ဥရောပဈေးကွက်ကို ပြန်လည်ရရှိခြင်းက မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍအတွက် အလားအလာကောင်းတစ်ခုဖြစ်သည်ဟု ၎င်းက ဆိုသည်။ ''လုံးဝမတို့ပြန်တဲ့ အခြေအနေကနေ အရွေ့တစ်ခုတော့ ရလာပြီ''ဟု ဦးမြင့်စိုးကပြောသည်။

ဥရောပဈေးကွက်မှ ချိတ်ဆက်မှုပြန်စတင်ရန် ခြေလှမ်းပြင်ဆင်မှုက မြန်မာအထည်ချုပ်လောကနှင့် အလုပ်သမား ခြောက်သိန်းခန့်အတွက် သတင်းကောင်းတစ်ခုဖြစ်လာနိုင်သည်ဟု လှိုင်သာယာစက်မှုဇုန်မှ အထည်ချုပ်စက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။ စက်ရုံများပိတ်ခြင်း၊ အလုပ်သမားများလျှော့ချခြင်းနှင့် လုပ်ခလစာလျှော့ချမှုများစွာ ကြုံခဲ့ရသော အထည်ချုပ် ကဏ္ဍတွင် ဥရောပချုပ်ထည်အမှာကို အဓိကမျှော်လင့်သည်ဟု ၎င်းကဆိုသည်။ လက်ရှိဥရောပဈေးကွက်၏ စုံစမ်းမှုများ ရရှိလာ သကဲ့သို့လာမည့် ဇွန်လတွင် ချုပ်ထည်အမှာများရရှိနိုင်သည်ဟု ဦးမြင့်စိုးကခန့်မှန်းသည်။ COVID-19 ရောဂါမဖြစ်မီ မြန်မာနိုင်ငံ၏ အထည်ချုပ်ကဏ္ဍတွင် ဥရောပဈေးကွက်က ၆၅ ရာခိုင်နှုန်းအထိ ဈေးကွက်ဝေစုရယူထားသည်။ မြန်မာနိုင်ငံတွင် အထည်အဖြစ်ချုပ် ပြီး ပြည်ပတင်ပို့နေသည့် အထည် ၁၀၀ တွင် ၆၅ ထည်က ဥရောပနိုင်ငံများအတွက်ဖြစ်သည်။

ဥရောပဈေးကွက်၏ ချုပ်ပြီးထည် အမှာပေးခြင်းကလည်း တစ်နှစ်ထက်တစ်နှစ်တိုးတက်နေပြီး ဥရောပသို့ ချုပ်ပြီးအထည် တင်ပို့မှုက တစ်နှစ်လျှင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းအထက်တိုးတက်ခဲ့သည်။ ပြည်ပသို့ချုပ်ပြီး အထည်တင်ပို့မှုက ၂၀၁၉-၂၀ ဘဏ္ဍာ နှစ် ပထမခြောက်လအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော် တင်ပို့နိုင်သည်။ အဆိုပါပမာဏက ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်လျှင် ဒေါ်လာသန်း ၂၀၀ ကျော်ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကဆိုသည်။

**Source:** https://7day.news/detail?id=186453

## ပလပ်စတစ်ခြင်း ရက်လုပ်ခြင်းလုပ်ငန်းကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိ

ကောလင်းမြို့နယ်၏ အနောက်ဘက် ၅ မိုင်ခန့်တွင်ရှိသော ရေကန်သာအုပ်စု ခမောက်တောင် (ခေါ်)လွယ်မောက်တောင် ကျေးရွာတွင် ရှမ်းတိုင်းရင်းသားများ အများစုနေထိုင်ပြီး လယ်ယာလုပ်ငန်းနှင့် ရာသီပေါ်သီးနှံများစိုက်ပျိုးလုပ်ကိုင်ကာ အသက် မွေးကျောင်းပြုကြသည်။ ယခင်က မိသားစုတစ်နိုင်တစ်ပိုင်အပိုဝင်ငွေရရှိရန် ပလပ်စတစ်ခြင်းများကိုရက်လုပ်လျက်ရှိပြီး ယခုအခါ စီးပွားဖြစ်သို့ တွင်တွင်ကျယ်ကျယ်ရက်လုပ်လာကြသည်။

“ဟိုးအရင်တုန်းက ကချင်ပြည်နယ် မိုးညှင်းမြို့နယ်မှ ကြိမ်များကိုဝယ်ယူပြီး ကြိမ်ခြင်းတောင်းများကို မိရိုးဖလာလုပ်ငန်း နေဖြင့် ရက်လုပ်ကြတာပါ။ နောက်ပိုင်း ကြိမ်ဝယ်ယူရတာ ဈေးနှုန်းကြီးလာသလို ကြိမ်ကလည်း ရှားပါးလာတော့ ဝါးနီးခြင်းတောင်းကို ဆက်လက်လုပ်ကြပါတယ်။ ယခု ဝါးကလည်းရှားပါးလာပြန်ပါတယ်။ ဝါးကုန်ကြမ်းရှားပါးလာတော့ လူသုံးများတဲ့ ပလပ်စတစ်ခြင်းတောင်းများကို ရက်လုပ်ကြတာပါ။ ဒါကြောင့် လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကစပြီး မန္တလေးဘက်က ပလပ်စတစ် ခြင်းတောင်းတွေကို ကောလင်းမြို့က ဝယ်ယူရောင်းချလာတော့ ပလပ်စတစ်ခြင်းတောင်းတွေ ရက်လုပ်တဲ့ လုပ်ငန်းကို ဆက်လုပ်ကြတာပါ။ ပလပ်စတစ်ခြင်းတောင်ကို အငှားရက်လုပ်သူများလည်း ရှိပြီး ခြင်းအလုံးရေ ၄၀ ပြီးပါက ငွေကျပ် ၅၀၀၀ ပေးရပါတယ်။ ပလပ်စတစ်ကြိုးမာရင် ခြင်းအထွတ်နှုန်းနည်းပါပြီး ကြိုးပျော့ရင်ခြင်း အထွက်နှုန်းများပါတယ်ဟု” ခမောက်တောင်ကျေးရွာမှ ပလပ်စတစ်ခြင်းတောင်း ရက်လုပ်သူ ဒေါ်ပဲစိန်ကပြောပြသည်။



ယခုအခါ ခမောက်တောင်ကျေးရွာတွင် ပလပ်စတစ်ခြင်းရက်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်သူများပြားလာပြီး ပလပ်စတစ်ခြင်းရက်လုပ်ရန်အတွက် ပလပ်စတစ်ကြိုးပြားအခွေတစ်ခွေလျှင် ၂၈၀၀၀ ဖြင့်ဝယ်ယူကာ ပလပ်စတစ်ကြိုးပြားများကို မိမိတို့ လိုအပ်သလို ခွဲခြမ်းစိတ်ဖြာပြီး သုံးပင်ထိုးခြင်းတောင်းနှင့် နှစ်ပင်ထိုးခြင်းတောင်းများကို ရက်လုပ်ကြသည်။ ပလပ်စတစ်ကြိုးပြားတစ်ခွေလျှင် ခြင်းတောင်းအလုံးရေ ၅၀ ထိရရှိပါသည်။ ခြင်းတောင်းအကြီးတစ်လုံးလျှင်ငွေကျပ် ၁၄၀၀၊ ခြင်းအလတ်တစ်လုံးလျှင်ငွေကျပ် ၁၃၀၀၊ ခြင်းအသေးတစ်လုံးလျှင်ငွေကျပ် ၁၀၀၀ ဖြင့် ကောလင်းမြို့ပေါ်ရှိ ခြင်းတောင်း အမျိုးမျိုးရောင်းချသောဆိုင်ကြီးသို့ လက်ကားဈေးဖြင့်ရောင်းချလျက်ရှိသည်။

ခမောက်တောင်ကျေးရွာမှ ရက်လုပ်သော ပလပ်စတစ်ခြင်းတောင်းများသည် ပေါ့ပါးခြင်း၊ သယ်ဆောင်ရန် လွယ်ကူခြင်း၊ ရေရှည်ခိုင်ခန့်ခြင်း၊ အလေးချိန်များများထည့်ပြီးကြာရှည်စွာသယ်ဆောင်ပါက ခြင်းတောင်းမှာကျယ်သွားခြင်း၊ ပြုတ်ထွက်သွားခြင်းမရှိသည့်အပြင် ခြင်းတောင်းလက်ကိုင်ကွင်းများကိုလည်း ပြုတ်ထွက်ခြင်းမရှိအောင် ရက်လုပ်ကြခြင်းတို့ကြောင့် ဝယ်ယူသုံးစွဲသူများပြားလာ၍ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်နေရကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ငွေကြေးဝန်ဆောင်မှုများ တိုးမြှင့်လုပ်ဆောင်ရန် Ant Group နှင့် Wave Money အကျိုးတူပူးပေါင်းဆောင်ရွက်

မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း Wave Money နှင့် Alipay ၏ အော်ပရေတာ Ant Financial Services Group (Ant Group) တို့သည် ဘဏ်များနှင့်ချိတ်ဆက်နိုင်ခြင်းမရှိသော သို့မဟုတ် ဘဏ်ဝန်ဆောင်မှုများကို အပြည့်အဝမသုံးစွဲနိုင်သော လူမှုအသိုင်းအဝိုင်းများအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများပေးရန် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို မေ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ Ant Group ၏ မိုဘိုင်းငွေပေးချေမှုနှင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် မြန်မာနိုင်ငံတစ်လွှား မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုလုံခြုံအဆင်ပြေစေရေးအတွက် Wave Money ၏နည်းပညာ စွမ်းရည်များကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ Wave Money သည် Telenor နှင့် Yoma Group တို့အကြား အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည်။ ပူးပေါင်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် Ant Group က လက်ရှိ Yoma Group 2 နှင့် တယ်လီနောအစုရှယ်ယာရှင်များနှင့်အတူ Wave Money တွင် အမေရိကန်ဒေါ်လာ ၇၃.၅ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဘဏ္ဍာရေးဝန်ဆောင်မှုတွင် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသော Wave Money သည် မြို့ပေါင်း ၂၉၅ မြို့တွင် ကိုယ်စားလှယ်နှင့်ဆိုင်ခွဲပေါင်း ၅၇ ၀၀၀ ကျော်ရှိပြီး နိုင်ငံ၏ ၈၉ % ခန့် လွှမ်းခြုံနိုင်သည်။ Wave Money ဖြင့် ငွေလွှဲမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် သုံးဆကျော်မြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၌ မြန်မာကျပ် ၆.၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄.၃ ဘီလီယံ) အထိရှိခဲ့သည်။ ဝင်ငွေနှင့်ငွေလွှဲမှုအရေအတွက်လည်း သုံးဆမြင့်တက်ခဲ့သည်။ Wave Money သည် လုပ်ငန်းစတင်လည်ပတ်ပြီး နှစ်နှစ်အကြာ ၂၀၁၈ ခုနှစ် စက်တင်ဘာ၌ EBITDA (စုစုပေါင်းအမြတ် –အတိုး၊ အခွန်၊ တန်ဖိုးလျှော့ချခြင်း၊ မူပိုင်ခွင့်နှုန်းထားများ မနုတ်ယူခင် အမြတ်ငွေ) မှာ အပေါင်းလက္ခဏာဆောင်ခဲ့ပြီး အကျိုးအမြတ်ကို ဆက်လက်

ထိန်းသိမ်းထားနိုင်ခဲ့သည်။ ငွေလွှဲခြင်း၊အသုံးပြုမှုဆိုင်ရာငွေပေးချေခြင်း၊ ဖုန်းငွေဖြည့်ခြင်းနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများအတွက် Wave Pay အပါအဝင် Wave Money ၏ ဝန်ဆောင်မှုပလက်ဖောင်းများစွာကို လူ ၂၁ သန်းကျော်အသုံးပြုပြီးဖြစ်သည်။

Ant Group သည် တစ်ကမ္ဘာလုံးအတွက် တီထွင်ဆန်းသစ်သည့် နည်းပညာဝန်ဆောင်မှုပေးသူဖြစ်ပြီး ၂၀၀၄ ခုနှစ်၌ အွန်လိုင်းငွေပေးချေမှုစနစ်ကို စတင်လုပ်ဆောင်ခဲ့သည့် Alipay ၏ အော်ပရေတာဖြစ်သည်။ Wave Money သည် မိတ်ဖက်အဖြစ် မြန်မာနိုင်ငံရှိ သုံးစွဲသူများ၏လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှု များ၊ စွမ်းဆောင်ရည်များ၊ သုံးစွဲသူအတွေ့အကြုံနှင့် ဝန်ဆောင်မှုများကိုတိုးတက်စေရန် မိုဘိုင်းပေးချေမှုပလက်ဖောင်းများ တည်ဆောက်ရာတွင် Ant Group ၏ အတွေ့အကြုံများကို အသုံးပြုသွားမည်ဖြစ်သည်။ Ant Group ၏ ကူညီထောက်ပံ့မှုများဖြင့် ဒစ်ဂျစ်တယ်ခရီးအရှိန်ရလာရန်မျှော်လင့်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုသည် Wave Money နှင့်မြန်မာတို့အတွက် ကြီးမားသောအပြောင်းအလဲ တစ်ခုဖြစ်လိမ့် မည်ဖြစ်ကြောင်း Wave Money အမှုဆောင်အရာရှိချုပ် Brad Jones က ပြောသည်။ Yoma Strategic အမှုဆောင်အရာရှိချုပ် Melvyn Pun က မြန်မာနိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံခန့်သာ ဘဏ်အကောင့်များရှိကြောင်း၊ ကိုဗစ်-၁၉ အခြေအနေက ငွေသားမဲ့အဖွဲ့အစည်းလမ်းကြောင်းကို အရှိန်ရနေစေပြီး e-commerce ဖွံ့ဖြိုးမှုအတွက် တွန်းအားပေးကြောင်းနှင့် အဆိုပါလမ်းကြောင်းများကို အထောက်အပံ့ဖြစ်စေရန်အလို့ငှာ Wave Money ၏ စွမ်းဆောင်ရည်များကို မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုက မြှင့်တင်ပေးမည်ဟု ဆိုသည်။ Ant Group မှ အမှုဆောင်ဥက္ကဋ္ဌ Eric Jing ကလည်း Ant Group နှင့် Wave Money သည် ငွေကြေးဝန်ဆောင်မှုကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်ရာတွင် အမြင်များတူညီပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုကြောင့် Wave Money သည်လည်း ဝန်ဆောင်မှုများပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း နှင့် လုပ်ငန်းရှင်နှင့်သုံးစွဲသူများ ကျေနပ်မှုတိုးတက်စေရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောသည်။

မြန်မာအစိုးရသည် ငွေရေးကြေးရေးအလုံးစုံပါဝင်မှုလုပ်ငန်းစဉ်ကို လက်ရှိ ၄၈ % မှ ၂၀၂၂ ခုနှစ်တွင် ၆၀% အထိ တိုးမြှင့်ရန် စီစဉ်ထားသည်။ ထိုသို့တိုးတက်အောင်လုပ်ဆောင်ရာတွင် ဘဏ္ဍာရေးဆိုင်ရာနည်းပညာနှင့် မိုဘိုင်းဖြေရှင်းချက်များက အရေးပါသည့်အခန်းကဏ္ဍမှပါဝင်သောကြောင့် Yoma Strategic သည် Wave Money တွင် အစုရှယ်ယာပိုင်ဆိုင်မှု တိုးတက်နိုင်မှုအပါအဝင် မြန်မာ့ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုကဏ္ဍတွင် ၎င်း၏အစုရှယ်ယာကို တည်တံ့ရန် မျှော်မှန်းထားသည်။

**Source:** http://www.mizzimaburmese.com/article/69963

## COVID 19 ကြောင့် ထိခိုက်သည့်ကိစ္စ နိုင်ငံတော်ချေးငွေမှာ လက်တွေ့နှင့်ကွာဟမှုများရှိနေ

COVID 19 ကြောင့် ထိခိုက်သွားသည့် လုပ်ငန်းများအတွက် နိုင်ငံတော်က ချပေးသည့် ချေးငွေမှာ လုပ်ငန်းရှင်အချို့အတွက် လက်တွေ့နှင့်ကွာဟမှုများရှိနေကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှသိရသည်။ "ဥပမာတစ်ခုပြောရရင် ကုမ္ပဏီတစ်ခုက စာရွက်စာတမ်းအပြည့်အစုံတွေနဲ့ အခွန်ဆောင်ထားတဲ့ စာရွက်စာတမ်းအပြည့်အစုံ လည်ပတ်နေတဲ့လုပ်ငန်းတစ်ခုက သူ့ရဲ့လုပ်ငန်း တစ်နှစ်စာတွက်ချက်ပြီးတော့ ကျပ်သိန်း ၅၀၀ လျှောက်လွှာတင်တယ်။ ဒါပေမယ့် သူတကယ်ရတာက ကျပ် ၆၅ သိန်းပဲရတယ်။ အဲဒီလို အခြေအနေမျိုးတွေကြည့်ရင် တကယ့်လက်တွေ့မှာ နည်းနည်းကွာဟနေတဲ့သဘောဖြစ်ပါတယ်။ စာရွက်စာတမ်းမပြည့်စုံတာတို့ ၊ အခွန်မဆောင်တာတို့ဆိုရင်တစ်မျိုး။ အပြည့်အစုံနဲ့ လုပ်ငန်းလည်ပတ်နေတဲ့ လုပ်ငန်းတွေအနေနဲ့ တကယ့်လက်တွေ့မှာ အဲဒီလိုမျိုးတွေ ကြုံရတာတွေရှိပါတယ်'' ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးဖြိုးဇော်ဝေက မြန်မာတိုင်းမ်သို့ပြောသည်။

ယင်းအစီအစဉ်မှာ ကောင်းမွန်သော်လည်း လက်တွေ့အသုံးပြုနေသည့်လုပ်ငန်းရှင်များအတွက် အနည်းငယ်ကွာဟနေသည့်အတွက် ကွာဟနေမှုများကို ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း ဦးဖြိုးဇော်ဝေက ပြောသည်။ "ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက်တော့ တစ်ပြားမှမရဘူး။ ဘာအထောက်အပံ့မှ မရဘူး။ဆောက်လုပ်ရေးလုပ်ငန်းပိုင်းကတော့ ပေးလို့ရှိရင်လည်း သူ့လုပ်ငန်းပေါ် မူတည်ပြီး များများပေးမှရမှာ။ ပေးမယ်ဆိုရင် အခက်အခဲရှိတဲ့အတွက်ကြောင့်ပဲလား။ ဒါမှမဟုတ်

ဆောက်လုပ်ရေးက အရေးမကြီးဘူးလို့ပဲ နိုင်ငံတော်က ယူဆလို့ပဲလားတော့ မပြောတတ်ဘူး။ တကယ်တမ်း ဆောက်လုပ်ရေး လုပ်ငန်းက လုပ်သားတွေကို အလုပ်အကိုင်အခွင့်အလမ်း အများကြီးပေးနိုင်တယ်။ တကယ်တမ်း မြန်မာနိုင်ငံမှာ လုပ်သား အများဆုံးက အထည်ချုပ်လို့သာပြောတာ ၊ ဆောက်လုပ်ရေးက အလုပ်သမားဦးစီးဌာနမှာ စာရင်းသာဝင်ရင် မြန်မာနိုင်ငံမှာ အလုပ်သမားအများဆုံးက ဆောက်လုပ်ရေးဖြစ်သွားနိုင်တယ်'' ဟု ရန်ကုန်တိုင်းဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေး ဦးမျိုးမြင့်ကပြောသည်။

COVID 19 ကြောင့် ထိခိုက်မှုရှိသည့် စီးပွားရေး လုပ်ငန်းများကို နိုင်ငံတော်မှ ချေးငွေ ကျပ် ဘီလီယံ ၁၀၀ ကို သုံးကြိမ်ခွဲပြီး ထုတ်ချေးလျက်ရှိရာ တတိယအသုတ်အထိ ချေးငွေလျှောက်လွှာ ၄၂၀၀ ကျော်ရှိပြီး လုပ်ငန်း ၃၀၀ ကျော်ကို ကျပ် ၁၃ ဘီလီယံခန့်ရှိကြောင်း ယင်းကျန်ရှိနေသည် လျှောက်လွှာများကိုလည်း ဆက်လက်စိစစ်ပြီးမေလကုန်ပိုင်းတွင် ထုတ်ချေးနိုင်ရန် မျှော်မှန်းလုပ်ဆောင် နေကြောင်း သိရသည်။ "စိစစ်လုပ်ဆောင်နေတဲ့ သူတွေကိုမေးကြည့်တော့ အဓိကအခွန်ဆောင်တာကို ကြည့်တာပြောတယ်။ အခွန်ဆောင်တာ နည်းပြီး သူက ကျပ် သိန်း ၂၀၀၀ တင်ထားပြီး နှစ်စဉ်အခွန်ဆောင်တာက သိန်း ၅၀ လောက်ဆိုရင် ချေးငွေက သိန်း ၅၀ လောက်ပဲရတာတွေရှိတယ်'' ဟု စီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းကပြောသည်။

COVID 19 ကြောင့် စီးပွားရေးသက်ရောက်မှုကိုစီမံနိုင်ရန် အစိုးရအနေဖြင့် ဧပြီလအတွင်းချမှတ်ခဲ့သည့် အစီအစဉ်အရ ယင်းကျပ်ဘီလီ ၁၀၀ အပြင် နောက်ထပ် ကျပ်ဘီလီယံ ၂၀၀ မှ ၅၀၀ ခန့်အထိထုတ်ပေးရန်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မလျှောက်လိုက်ရသူများထပ်မံလျှောက် ထားနိုင်မည်ဖုစ်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှသိရသည်။ "သူတို့တောင်းဆိုတဲ့ အချက်အလက်တွေကို မပြည့်စုံတဲ့အတွက် ကျွန်တော်တို့ထဲက အများကြီးတော့ ဝင်မလျှောက်ဖြစ်ကြဘူး။ သုံးလစာပေးတယ်ဆို ရင်ကျွန်တော်တို့အနေနဲ့ သုံးလစာအကျိုးရှိတယ်။ တစ်နှစ်တင်ပေးမယ့် သုံးလ ၊ ခြောက်လောက် သူတို့ဖြတ်ပြီးပေးတယ်။ ဘာပဲဖြစ်ဖြစ် အဲဒီလောက်အချိန်တစ်ခုထိတော့ တောင့်ခံနိုင်တဲ့အချိန်တစ်ခုရသွားတယ်။ ဘာမှမဟုတ်တာထက်စာရင် ကျွန်တော်တို့အတွက် တစ်စုံတရာအကျိုးရှိပါတယ်'' ဟု ရန်ကုန်တိုင်း အငယ်စား ၊ အသေးစား ၊ အလတ်စားလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးမင်းသူကပြောသည်။

**Source:** https://myanmar.mmtimes.com/news/139352.html

## COVId-19 နှင့် ကမ္ဘာ့အခြေအနေကြောင့် နိုင်ငံ၏ ခန့်မှန်းဂျီဒီပီတန်ဖိုး လျော့နည်းသွားခဲ့

လက်ရှိ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းတွက်ချက်ထားသည့် ဂျီဒီပီတန်ဖိုးသည် ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် COVID-19 ကပ်ရောဂါ၏နောက်ဆက်တွဲသက်ရောက်မှုများကြောင့် မူလခန့်မှန်းထားသည့်ပမာဏအောက် အနည်းငယ် လျော့နည်းသွားခဲ့ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းကပြော သည်။ ''ဂျီဒီပီ တန်ဖိုးအနေနဲ့ မူလက ကျပ် ၁၁၉,၀၂၃ ဒသမ ၄၀၅ ဘီလီယံခန့်မှန်းခဲ့သော်လည်း ကမ္ဘာ့စီးပွားရေးအခြေအနေ မသေချာမှုများ၊ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှု၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးကျရောက်မှုကြောင့် ပြည်တွင်းပြည်ပစီးပွားရေးအပေါ် သက်ရောက်မှု များအရ ကျပ် ၁၁၈,၈၃၅ ဒသမ၁၀၆ ဘီလီယံသို့လျှော့ချ ခန့်မှန်းထားပါတယ်''ဟု ၎င်းကပြောသွားခဲ့ခြင်းဖြစ်သည်။ မေ ၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေများနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြစဉ် အထက်ပါအကြောင်းအရာကိုပါ ထည့်သွင်းပြောကြားသွားခဲ့သည်။ ထို့ကြောင့် လက်ရှိ ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းထားသည့် ဂျီဒီပီတန်ဖိုးတွင် ကျပ် ၈၈ ဒသမ၂၉၉ ဘီလီယံခန့် လျော့နည်းသွားခဲ့ကြောင်း တွေ့ရသည်။ ထိုကဲ့သို့ ဂျီဒီပီတန်ဖိုးလျော့နည်းသွားခြင်းကြောင့် လိုငွေနှင့်ဂျီဒီပီအချိုးသည် မူလက ၅ ဒသမ ၆၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၅ဒသမ၅၃ရာခိုင်နှုန်းသို့ အနည်းငယ်လျော့ကျလာကြောင်းလည်းတွေ့ရသည်။ ဂျီဒီပီတန်ဖိုးလျှော့ချခဲ့ခြင်းသည် လိုငွေနှင့်ဂျီဒီပီအချိုးကို အနည်းငယ်လျော့နည်းစေရုံသာမက အခွန်နှင့်ဂျီဒီပီအချိုးကိုလည်း ရာခိုင်နှုန်းပိုမိုတိုးတက်စေခဲ့ကြောင်း သိရသည်။

ယခုဘဏ္ဍာရေးနှစ်၏ လက်ကျန်လေးလအတွင်း အခွန်အကောက်ရငွေမှ ကျပ်၅၀၆ဘီလီယံကျော်ရရှိနိုင်ကြောင်း ခန့်မှန်း ထားခြင်းဖြစ်သည်။ ''အထူးကုန်စည်ခွန်တွင် ကျပ် ၂၃၃ ဒသမ ၃၇၅ ဘီလီယံ၊ ဝင်ငွေခွန်တွင် ကျပ် ၂၇၃ ဒသမ ၄၆၆ ဘီလီယံ တိုးမြင့်လျာထားခြင်းကြောင့်ဖြစ်ပါတယ်''ဟု ဦးမောင်မောင်ဝင်းက ပြောကြားသွားသည်။ ထို့ကြောင့် အခွန်အကောက်ရငွေနှင့်

ဂျီဒီပီအချိုးသည် မူလက ၆ ဒသမ ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၇ ဒသမ ၁၃ ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ထို့အပြင် လက်ရှိအချိန်သည် COVID-19 အတွက် ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာကိစ္စများ၊ စီးပွားရေးလူမှုရေး ထိခိုက်မှုများ အပေါ် ပြန်လည်ကုစားရေးဆိုင်ရာ ကိစ္စများဆောင်ရွက်နေချိန်ဖြစ်သောကြောင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စ များတွင် အပြောင်းအလဲများရှိလာနိုင်သည်ဟုလည်းဆိုသည်။ ''ရငွေများလျော့နည်းနိုင်ခြင်း၊ သုံးငွေများတိုးမြင့်နိုင်ခြင်း၊ ပြည်ပ ချေးငွေများ တိုးလာနိုင်ခြင်းစသည်တို့ကိုလည်း မလွဲမသွေကြုံတွေ့ရနိုင်ကြောင်း အသိပေးတင်ပြလိုပါတယ်''ဟု ၎င်းက ဆက်လက်ပြောကြားသွားခဲ့သည်။

ပြည်ထောင်စုအစိုးရသည် ယခုဘဏ္ဍာရေးနှစ်၏လက်ကျန်လေးလ(ဇွန်၊ ဇူလိုင်၊ ဩဂုတ်နှင့်စက်တင်ဘာ)အတွင်း ဆောင်ရွက်ရန်ကိစ္စရပ်များအတွက် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ကျပ်၂၆၆၀ ဒသမ ၉၈၇ ဘီလီယံကို လွှတ်တော်သို့ တင်ပြခဲ့ခြင်း ဖြစ်သည်။ ထိုအသုံးစရိတ်များတွင် နိုင်ငံတော်သို့ရငွေအဖြစ် ပြန်လည်ပေးသွင်းရန်အတွက် တောင်းခံငွေ (အရ/ အသုံးစာရင်း နှစ်ခုလုံ းတွင်ဖော်ပြရ) ကျပ် ၁၅၅၆ ဘီလီယံကျော်လည်းပါဝင်သည်။ လက်ကျန်ကာလအတွင်း ပြည်ပအကူအညီများမှ ရငွေကျပ် ၂၅၅ ဘီလီယံကျော်ရရှိနိုင်ကြောင်းလည်း တွက်ချက်ခန့်မှန်းထားသည်။ အစိုးရ၏ အသုံးစရိတ်တင်ပြမှုနှင့် ပတ်သက်ပြီး လွှတ်တော်မှလျှော့ချဖြတ်တောက်ရန်မရှိဘဲ တင်ပြသည့်အတိုင်း ခွင့်ပြုသင့်ကြောင်းလည်း ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒေါက်တာမြတ်ညဏစိုးက ပြောသွားခဲ့သည်။ တင်ပြသည့်အတိုင်း အတည်ပြုနိုင် ပါက လက်ရှိဘဏ္ဍာရေးနှစ်တွင် ရငွေကျပ်၂၇၂၂၇ ဘီလီယံကျော်နှင့် သုံးငွေကျပ် ၃၃၈၀၅ ဘီလီယံကျော်ရှိ မည်ဖြစ်သောကြောင့် လိုငွေတွင် ကျပ် ၆၇၅၅ ဘီလီယံကျော်ရှိမည်ဖြစ်သည်။

အထက်ပါ ဖြည့်စွက်ခွင့်ပြုငွေများပါဝင်သော ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ယနေ့တွင် အစိုးရကလွှတ်တော်သို့တင်ပြခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကလည်း ပုံမှန်လုပ်ငန်းစဉ်များအတိုင်း မဆောင်ရွက်တော့ဘဲ ဦးစားပေးအစီအစဉ်အဖြစ် အကျဉ်းရုံးကာ ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း ပြည်ထောင်စု လွှတ်တော်နာယက ဦးတီခွန်မြတ်က ပြောသွားခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139356.html

## အာဆီယံနိုင်ငံများအား တောင်ကိုရီးယားနိုင်ငံ၏ဘဏ္ဍာရေးဗဟိုချက်ဒေသအဖြစ် မျှော်မှန်းချက်ထားရှိ၍ ဆောင်ရွက်လျက်ရှိခြင်း

ကိုရီးယားသမ္မတနိုင်ငံ၏ မဟာစီမံကိန်း (Master Plan) အရ အရှေ့တောင်အာရှဒေသ အားတောင်ကိုရီးယား၏ ဘဏ္ဍာရေးဗဟိုချက်ဒေသဖြစ်လာစေရန်မျှော်မှန်းချက်ထားရှိလျက် နောင် (၃)နှစ်ကာလအတွင်း အရှေ့တောင်အာရှဒေသရှိ တောင်ကိုရီးယားဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများကို လက်ရှိအခြေအနေထက် ပိုမိုကျယ်ပြန့်အောင် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသည် ကိုရီးယားသမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်မည့် ပဉ္စမ အကြိမ်မြောက် မဟာစီမံကိန်း (The 5th Master Plan) ၏ အဓိကမဟာဗျူဟာ(၃)ခုအနက်(၁)ခုဖြစ်ကြောင်း၊ ထို့ပြင် ထိုကဲ့သို့ အာဆီယံနိုင်ငံများအားတောင်ကိုရီးယား ၏ဘဏ္ဍာရေးဗဟိုချက်ဒေသအဖြစ် Master Plan တွင် ထည့်သွင်းလာခြင်းသည် ပထမဆုံး အကြိမ်ဖြစ်ကြောင်း (၁၅-၅-၂၀၂၀) ရက်နေ့တွင် ဘဏ္ဍာရေးဝန်ဆောင်မှုကော်မရှင် (Financial Services Commission – FSC) ၏ထုတ်ဖော်ပြောကြားချက်အရ သိရှိရပါသည်။

၂၀၁၉ ခုနှစ်အတွင်း ပြည်ပတွင် ရုံးခွဲဖွင့်လှစ်နိုင်ခဲ့သော တောင်ကိုရီးယားနိုင်ငံ၏ ဘဏ္ဍာရေးအဖွဲ့အစည်း(၂၇) ခုအနက် (၁၃) ခုသည် ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်တည်ရှိကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒ ထိန်းကျောင်းသူ များက ၎င်းတို့၏ကမ္ဘာ့မဟာဗျူဟာနှင့်ဗဟိုပြုမှုတို့ကိုအာဆီယံဈေးကွက်ဆီသို့ဦးတည်ရေးဆုံးဖြတ်ချက်သည် တရုတ်နိုင်ငံ၏ အနာဂတ်ကမ္ဘာ့ဈေးကွက်ကွန်ယက်ဖြစ်လာရန် အလားအလာရှိသည့် အာဆီယံဒေသ၏ ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းသင့်ကြောင်း Korea Capital Market Institute (KCMI) ၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက Financial Services Commission (FSC) သို့ အကြံပြုချက်အပေါ်တွင်အခြေခံ၍ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း

ဘဏ္ဍာရေးဈေးကွက်သည်ပြည့်နက်နေပြီဖြစ်သဖြင့် ကမ္ဘာ့ဘဏ္ဍာရေးကုမ္ပဏီများအနေဖြင့်တောင်ကိုရီးယားနိုင်ငံအတွင်းတွင် ထပ်မံရင်းနှီးမြှုပ်နှံရေးအတွက် Inbound Strategy အရ ဆွဲဆောင်ရန်ခက်ခဲမည်ကို KCMI အနေဖြင့် သိရှိနားလည် ထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းအစား အလားအလာရှိသော အရှေ့တောင်အာရှနိုင်ငံများတွင် တောင်ကိုရီးယားဘဏ္ဍာရေး အဖွဲ့အစည်းများမှ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ခြင်းဖြင့် နိုင်ငံခြားစတော့ရှယ်ယာများကိုဝယ်ယူစေမည့် Outbound Strategy အဖြစ် ပိုမို စိတ်ဝင်စားလာကြကြောင်း၊ ကမ္ဘာ့ဘဏ္ဍာရေးဝန်းကျင်၏ပြောင်းလဲလာမှုအရ နိုင်ငံခြားဘဏ္ဍာရေးကုမ္ပဏီများသည် ၎င်းတို့၏ရုံးချုပ်များမှအမြတ်အစွန်းရရှိမှု လျော့ကျလာသည့်အလျောက် တောင်ကိုရီးယားနိုင်ငံအတွင်းမှလုပ်ငန်းများကို လျှော့ချလာကြကြောင်း သိရှိရပါသည်။

သို့ရာတွင် ဘဏ္ဍာရေးဆိုင်ရာမူဝါဒထိန်းကျောင်းသူများအနေဖြင့် ပြည်တွင်းဘဏ္ဍာရေး မဟာဗျူဟာများအတွက်လည်း လိုအပ်သည်များကိုဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့သွားရောက်ရင်းနှီးမြှုပ်နှံမည့် တောင်ကိုရီးယားဘဏ္ဍာရေးအဖွဲ့အစည်းများအား ပံ့ပိုးအားပေးသည့် နည်းတူ တောင်ကိုရီးယားနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ္ဍာရေးလုပ်ငန်းများအတွက်လည်း တိုးတက်စေရန် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆိုးလ်မြို့နှင့်ဘူဆန်မြို့တို့၏ အားသာချက်များကိုအသုံးချလျက် တောင်ကိုရီးယားနိုင်ငံအား ကမ္ဘာ့ဘဏ္ဍာရေးဗဟိုချက်ဒေသဖြစ်လာစေရန် စီမံကိန်းများချမှတ် ရေးဆွဲ၍အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## သန့်စင်ပြီး စားအုန်းဆီ သွင်းကုန်လိုင်စင်များအား အိန္ဒိယအစိုးရက ဆိုင်းငံ့လိုက်ခြင်း

တောင်အာရှဒေသ လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (SAFTA) အရ သွင်းကုန်အပေါ် အကောက်ခွန် သုညရာခိုင်နှုန်းအထိ သက်သာခွင့်ပေးအပ်ထားသဖြင့် အိန္ဒိယနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံများဖြစ်သော နီပေါနှင့်ဘင်္ဂလားဒေ့ရှ်တို့မှ သန့်စင်ပြီး စားအုန်းဆီ တင်သွင်းမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀ ဘဏ္ဍာနှစ်အတွင်း သိသာစွာမြင့်တက်လာခဲ့ပါသည်။ သို့ဖြစ်ရာ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနသည် လက်ရှိထုတ်ပေးထားသည့် သန့်စင်ပြီးစားအုန်းဆီ သွင်းကုန်လိုင်စင် ၃၉ စောင်အား ဆိုင်းငံ့သည့်ဌာနတွင်း လှည့်လည်စာထုတ်ပြန်ခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ၁၁.၅.၂၀၂၀ နေ့တွင် ဖော်ပြပါသည်။

သတင်းဌာနများမှ ဖော်ပြချက်အရ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ သန့်စင်ပြီးစားအုန်းဆီ တင်သွင်းမှုပမာဏသည် မက်ထရစ်တန်ချိန်အားဖြင့် နီပေါနိုင်ငံထံမှ ၁၈၉၀၇၈ တန်၊ တိုးမြင့်တင်သွင်းမှု ၃၁၄% နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ၂၂၁၅၁ တန်၊ တိုးမြင့်တင်သွင်းမှု ၅၀၀% ရှိခဲ့ကြောင်းနှင့် ထိုသို့စားအုန်းဆီများအား တင်သွင်းလျက်ရှိရာတွင် ပင်ရင်းနိုင်ငံ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များအား လိုက်နာရန် ပျက်ကွက်မှုရှိသည်ဟု သံသယဖြစ်ဖွယ်ရာရှိသဖြင့် ယခုကဲ့သို့ဆိုင်းငံ့ခြင်းဖြစ်ပြီး အစိုးရအနေဖြင့် လိုအပ်သောစုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန (DGFT) သည် ၈.၁.၂၀၂၀ နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၅-၂၀၂၀ အားထုတ်ပြန်လျက် HS code 151190 အောက်ရှိ အရောင်ချွတ်၊ အနံ့သတ်သန့်စင်ပြီးဖြစ်သည့် စားအုန်းဆီကြမ်းနှင့်စားအုန်းဆီချော များအား ကန့်သတ်ကုန်စည်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ထို့နောက်ပိုင်း၌ တင်သွင်းခွင့်လိုင်စင်များ ဆက်လက်ထုတ်ပေးခဲ့ရာ ယခုဆိုင်းငံ့လိုက်သည့် လိုင်စင် ၃၉ စောင်သည် စားအုန်းဆီချော ၄၅၂၀၃ တန်အား ခွင့်ပြုပေးထားခြင်းဖြစ်ပါသည်။ ၎င်းတို့ အနက် ၃၇ စောင်သည် နီပေါနှင့် ဘင်္ဂလားဒေ့ရှ်တို့မှ တန်ချိန် ၃ သိန်းကျော် တင်သွင်းရန်နှင့် ကျန် ၂ စောင်မှာ အင်ဒိုနီးရှားနိုင်ငံထံမှ တင်သွင်းရန် ခွင့်ပြုထားသည့် လိုင်စင်များဖြစ်ကြောင်း သိရှိရ သည်။

အစိုးရ၏ ယခုဆောင်ရွက်ချက်သည် ပြည်တွင်း စားအုန်းဆီဈေးကွက်၌ ကုန်စည်ပြတ်လပ်မှုကို ဖြစ်ပေါ်စေနိုင်ခြင်းမရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတားဆီးထိန်းချုပ်ရန် နိုင်ငံတစ်ဝန်း၌ အသွားအလာကန့်သတ်ခဲ့ခြင်းက ပြည်တွင်းရှိစားအုန်းဆီဝယ်လိုအားကို ၄၀% ခန့် ကျဆင်းစေခဲ့ကြောင်း၊ အိန္ဒိယ၏ စားအုန်းဆီတင်သွင်းမှုမှာလည်း ယခင်နှစ်ကာလတူနှင့်

နှိုင်း ယှဉ်ပါက ၂၀၂၀ ပြည့်နှစ် ဧပြီလ၌ ၄၆% ခန့် လျော့နည်းခဲ့ကြောင်းဖြင့် အိန္ဒိယနိုင်ငံရှိ စားသုံးဆီထုတ်လုပ်သည့် လုပ်ငန်းရှင်အသင်းအဖွဲ့များက ပြောဆိုကြပါသည်။ အမည်မဖော်ပြလိုသည့် အစိုးရအရာရှိတစ်ဦးကလည်း ပြည်တွင်းဈေးကွက် လိုအပ်ချက်အတွက် စားအုန်းဆီလုံလောက်စွာရှိနေပြီး အစိုးရအနေဖြင့် လတ်တလောကာလ၌ သွင်းကုန်လိုင်စင်များ ထပ်မံ ခွင့်ပြုပေးရန် မရှိကြောင်းကို Hindustan Times သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ သုံးပုံနှစ်ပုံခန့်ကို ဖြည့်ဆည်းရန်အတွက် ပြည်ပမှ စားအုန်းဆီများအား တင်သွင်းနေရပြီး အင်ဒိုနီးရှားနှင့်မလေးရှားတို့မှာ အဓိက သွင်းအားစုနိုင်ငံများဖြစ်ပါသည်။ ယခုကဲ့သို့ သန့်စင်ပြီး စားအုန်းဆီသွင်းကုန်လိုင်စင်များအား အိန္ဒိယအစိုးရက ဆိုင်းငံ့လိုက်ခြင်းက ပြည်တွင်းစားသုံးဆီထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ စားအုန်းဆီချောတင်သွင်းမှုကိုလျော့ချရန် တောင်းဆိုလျက်ရှိမှုအား ဖြည့်ဆည်းပေးရာရောက်သကဲ့သို့ ပြည်တွင်း၌ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကိုလည်း တွန်းအားပေးမှုဖြစ်စေပါသည်။ သို့ရာတွင် သန့်စင်ပြီး စားအုန်းဆီချောများ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံအတွက်မူ ပို့ကုန်အပိုင်း၌ အတိုင်းအတာတစ်ခုအထိ သက်ရောက်ဖွယ်ရာရှိမည် ဖြစ်ပါသည်။

Source: 1. India suspends 39 import licenses for refined palm oil, 12 May 2020, Hindustan Times


2. India suspends 39 import licenses for refined palm oil, 12 May 2020, Economic Times

3. India suspends import licenses for refined palm oil on alleged rule of origin violations: government, 12 May 2020, www.spglobal.com

4. India Cancels Palm Oil Imports from Nepal, Bangladesh, 13 May 2020, www.swarajyamag.com

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## STOCK EXCHANGE (19.5.2020)


YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

Stock trading data

As of 19th May. 2020

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 11,000 | 11,000 | 10,500 | 1,881 | 20,218,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,700 | +50 | +1.37% | 3,700 | 3,700 | 3,700 | 4,652 | 17,212,400 | 38,929,150 | 144,038 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 0 | 0 | 10,400,986 | 86,328 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 1,454 | 34,896,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 607 | 1,669,250 | 12,823,224 | 35,264 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 455.12 | +11.32 | +2.55% | 455.12 | 455.12 | 445.22 | 8,594 | 73,995,650 | 5 | 623,199 |

**Index chart**




# Market Overview

As of 1:00 pm, 19th May. 2020

| MYANPIX | 455.12 |
|---|---|
| | ▲ 11.32 |
| Total Volume (shares) | 8,594 |
| Total Value (MMK) | 74 mil |
| Listed Company | 5 |
| Market Cap. (MMK) | 623,199 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,700 | ▲ 50 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |